ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# **လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

**ကြံခင်းမြို့နယ်**

**၂၀၁၈ခုနှစ်** **တလိုင်းကွင်းကျေးရွာအုပ်စု၊ မကျည်းပင်ကွင်းဒေါင့်ကျေးရွာ**

**မာတိကာ**


၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။အစည်းအဝေးမှတ်တမ်းများ

၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည်နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

၂။ကျေးရွာမြေပုံ(တည်နေရာ)




မကျည်းပင်ကွင်းဒေါင့်ကျေးရွာပြမြေပုံ

**၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း**

တလိုင်းကွင်းကျေးရွာအုပ်စုတွင်

၁။တလိုင်းကွင်းကျေးရွာ

၂။ဇရပ်ကုန်းကျေးရွာ

၃။ကျွန်းစုကျေးရွာ

၄။မြောက်အင်တိုင်းကျေးရွာ

၅။ပန်းရုံစုကျေးရွာ

၆။ပေါက်တောကြီးကျေးရွာ

၇။အင်းတဲစုကျေးရွာ

၈။သပြေပင်ဇင်းကျေးရွာ

၉။အောင်မြင်ကိုင်းကျေးရွာ

**၁၀။မန်ကျည်းပင်ကွင်းဒေါင့်ကျေးရွာ**

တို့ပါဂင်ပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

မကျည်းပင်ကွင်းဒေါင့် ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ တလိုင်းကွင်း ကျေးရွာအုပ်စု အတွင်းတွင် တည်ရှိပါသည်။ အိမ်ခြေ (၂၅)ရှိပြီး၊ အမျိုးသား(၃၄)ဦး၊ အမျိုးသမီး (၅၁)ဦး တို့ နေထိုင်ကြပါသည်။

တလိုင်းကွင်း ကျေးရွာသည် ကြံခင်း-မြန်အောင် မြို့ရောင်လမ်းမှ လမ်းချိုးသို့ သွားသောအခါ အောင်မြင်ကိုင်းကျေးရွာ၊ ဇရပ်ကုန်းကျေးရွာ နှင့် မကျည်းပင်ကွင်းဒေါင့် ကျေးရွာများသို့ ရောက်ရှိပါသည်။

ရွာ၏ဘေးတွင် ဖားတစ်ရှဉ်းချောင်း ရှိပါသည်။ မိုးတွင်းအခါတွင် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး၊ ကျန်ကာလများတွင် ရာသီအလိုက် သီးပင်စားပင်များကို စိုက်ပျိုးလုပ်ကိုင် ကြပါသည်။ အုတ်လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

မကျည်းပင်ကွင်းဒေါင့်ကျေးရွာသည် မူလတန်းပညာရေးကို အောင်မြင်ကိုင်းကျေးရွာမူလတန်း ကျောင်းတွင်လည်းတွင်လည်းကောင်း၊ အလယ်တန်း၊အထက်တန်းပညာရေးကို ကြံခင်းမြို့ရှိစာသင် ကျောင်းများတွင်လည်းကောင်း သွားရောက်ပညာသင်ကြားကြပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု တွင် နီးစပ်ရာ မြို့နယ်၏ဆေးခန်း၊ဆေးရုံများတွင် သွားရောက်ဆေးကုသမှုခံယူကြရသည်။

ကျေးရွာသူ ကျေးရွာသားများ အားလုံးသည် ဗမာလူမျိုးများဖြစ်ကြပြီး၊ ဗုဒ္ဓဘာသာ ကို ကိုးကွယ်ယုံကြည်ကြပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၂၆.၉.၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၁၃ | ၁၁ | ၂၄ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၆.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၃ | ၁၁ | ၂၄ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၆.၉.၁၇ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၁၃ | ၁၁ | ၂၄ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | ၂၆.၉.၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၁၃ | ၁၁ | ၂၄ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၂၆.၉.၁၇ | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | ၁၃ | ၁၁ | ၂၄ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂၆.၉.၁၇ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၃ | ၁၁ | ၂၄ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂၆.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၃ | ၁၁ | ၂၄ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက် များ (Village Vision) | ၂၆.၉.၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၃ | ၁၁ | ၂၄ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၂၆.၉.၁၇ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထု များ၊ တက် ရောက်သူ အားလုံး | ၁၃ | ၁၁ | ၂၄ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က)လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ




လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ

## လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)

မကျည်းပင်ကွင်းဒေါင့် ကျေးရွာသည် လယ်၊ ယာ၊ ကိုင်း၊ ချောင်းများကို မှီခိုပြီး အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ အိမ်ခြေ (၂၅)အိမ်ရှိပြီး၊ အများစုမှာ နွမ်းပါးသူများ ဖြစ်ကြသည်ကို တွေ့ရသည်။ ကျေးရွာတွင် ကိုယ်ပိုင် မူလတန်းကျောင်း မရှိ၍ အောင်မြင်ကိုင်းကျေးရွာရှိ မူလတန်းကျောင်းသို့သွား ရောက်ပညာသင်ကြားရသည်။

ကျေးရွာမှာ ကြံခင်း-မြန်အောင် မြို့ရောင်လမ်းမှ လမ်းချိုးမှ(၁)မိုင်ခန့် ကွာဝေးသည်ကိုတွေ့ရသည်။ ဖားတစ်ရှဉ်းချောင်းမှာ ကျေးရွာကို ကွေ့ပိုက်၍ စီးဆင်းသည်ကိုတွေ့ရသည်။

ကျေးရွာတွင် ကိုယ်ပိုင် ကျေးလက်ဆေးပေးခန်းမရှိသော်လည်း ကြံခင်းမြို့နှင့် အလှမ်းမဝေးသောကြောင့် ကြံခင်းမြို့သို့သွားရောက်၍ ဆေးကုသမှု ခံယူကြသည်ကို တွေ့ရသည်။

၂၀၁၆ ခုနစ် (ပထမနှစ်စက်ဝန်း)တွင် လူထုဗဟိုပြုစီမံကိန်း၏ ပံ့ပိုးမှုဖြင့် ရွာတွင်းချောင်းကျောက်ခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ခဲ့ရာ ရွာတွင်းလမ်းကောင်းမွန်မှုရှိသည်ကို တွေ့ရပါသည်။

ကျေးရွာမှာ လျှပ်စစ်မီးရရှိပြီး ဓာတ်တိုင်များမှာ ကြံ့ခိုင်မှု အားနည်းနေသည်ကို တွေ့ရပါသည်။

စိုက်ပျိုးမြေ အရင်းအမြစ် နည်းပါးသောကြောင့် လက်လုပ်လက်စား များပြားသည်ကို တွေ့ရသည်။ ကျေးရွာလူထုအားလုံးမှာ ဗုဒ္ဓဘာသာ ၊ ဗမာလူမျိုးများ ဖြစ်ကြသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များမှာ-

- ရွာချင်းဆက်လမ်းများကောင်းမွန်ရန်
- အုပ်စုချင်းဆက်လမ်းများ ပိုမိုကောင်းမွန်ရန်
- အသက်မွေးဝမ်းကြောင်းအတွက် လက်မှုဆိုင်ရာ သင်တန်းများ ရရှိရန်
- ဓာတ်တိုင်များအား လဲလှယ်ရန်

တို့လိုအပ်ကြောင်း သုံးသပ်မိပါသည်။

ဖ။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ)ရာသီခွင်ပြ ပြက္ခဒိန်




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီခွင်ပြ ပြက္ခဒိန်( ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာတွင် လယ်၊ ဝါးခြံ နှင့်ကိုင်း လုပ်ကိုင်ကြသောအိမ်ခြေများလည်းရှိပြီး အိမ်ခြေအများစုမှာ ကျပန်းလုပ်သားများလည်း ဖြစ်သည်။ ဝါဆို၊ဝါခေါင်းလများတွင် မိုးသည်းထန်းစွာရွာ၍ လယ်ယာလုပ် ငန်းများကို လုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုရသည်။

လယ်၊ကိုင်းလုပ်ငန်းများနှင့် ကျပန်းလုပ်ငန်းများကို တစ်နှစ်ပတ်လုံးလုပ်ဆောင်ကြပြီး ဝင်ငွေမှာလည်း တစ်နှစ်လုံး သင့်တင့်ကြောင်း တွေ့ရပါသည်။ လုပ်အားခလည်းအမျိုးသား နှင့်အမျိုးသမီး တန်းတူရရှိကြောင်း တွေ့ရှိ ရပါသည်။သို့သော် အမျိုးသမီးအများစုမှာ အိမ်တွင်းမှုလုပ်ငန်းများနှင့် အချိန်ကုန်နေရသောကြောင့် အမျိုးသမီးတို့၏ဂင်ငွေ နည်းပါးသည်ကိုတွေ့ရသည်။


ရာသီအကူးအပြောင်း ကာလများတွင် ဖျားနာလေ့ရှိပြီး နယုန်၊ဂါဆိုလများတွင် သွေးလွန်တုတ်ကွေး ရောဂါများဖြစ်ပွားမှုရှိသည်ကိုတွေ့ရသည်။ ကျန်လများတွင် အများစုမှာ ကောင်းမွန်ကြသည်။

ပွဲတော်များ အနေဖြင့် သင်္ကြန်ပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ ဝါဆိုသင်္ကန်းကပ်ပွဲတော်၊ မီးထွန်းပွဲတော်၊ ကထိန်ပွဲတော်၊ ထမနဲပွဲတော်နှင့် အလှူပွဲများ ကျင်းပလေ့ရှိပါသည်။

တစ်နှစ်ပတ်လုံး ဝင်ငွေသင့်တင့်သောကြောင့် အစားအစာလည်း ကောင်းမွန်ကြောင်း တွေ့ရှိရသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ဂ)ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း**



ဥစ္စာ ဓနအဆင့် သတ်မှတ်ခြင်း

**ဥစ္စာခနေ အဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

ကျေးရွာတွင် အိမ်ခြေ(၂၁ )အိမ်ခြေရှိသည့်အနက် ချမ်းသာသောအိမ်ခြေ(၄)အိမ်၊အသင့်အတင့်အိမ်ခြေ(၇) အိမ်ခြေ၊ မပြေလည်သောအိမ်ခြေ(၇)အိမ်ခြေနှင့် နွမ်းပါးသော အိမ်ခြေ(၃)အိမ် ခြေ ရှိပါသည်။


နွမ်းပါးသောအိမ်ထောင်စုများမှာ ကျပန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ စက်ဘီး၊သစ်သားအိမ်အသေး၊ကြက်တို့ကိုသာပိုင်ဆိုင်ကြပြီး ကလေးများအား ပညာရေးဆုံးခမ်းတိုင်အောင် မထားနိုင်ကြသည်ကို တွေ့ရသည်။

ပြေလည်သော အိမ်ခြေများမှာ (၄)အိမ်သာရှိပြီး နွား၊ကိုင်း၊ထွန်စက် စသော ပစ္စည်းများကို ပိုင်ဆိုင်ကြပြီး ကလေးများအား ပညာရေးဆုံးခမ်းတိုင်အောင်ထားနိုင် ကြသည်ကို တွေ့ရသည်။ အများစုမှာနွမ်းပါးသောအုပ်စုများ ဖြစ်သည်ကိုတွေ့ရသည်။

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရာတွင် နွမ်းပါးသော အုပ်စုများ၏ အခက်အခဲများ၊ လိုအပ်ချက်များနှင့် အားလပ်ချိန်ကို အလေးထား၍ ဆောင်ရွက်ခဲ့ပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ)ပင့်ကူအိမ်သုံးသပ်ခြင်း




ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

## ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)

အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှု တို့တွင် အားသာမှုရှိကြောင်း တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးပိုင်းနှင့် လုံခြုံမှုယုံကြည်မှုတို့တွင် အမျိုးသားများက သာလွန်ပြီး အမျိုးသမီးများ ပါဝင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ပညာရေးလက်လှမ်းမှီမှုနှင့် အလုပ်ကိုင်ရှာဖွေမှုတို့တွင် အမျိုးသား၊အမျိုး သမီးကွာခြားချက်မှာ အနည်းငယ်သာရှိကြောင်းတွေ့ရသည်။


အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု လုပ်ငန်းများဖြင့်သာ အချိန်ကုန်းမခံပဲ အခြားကဏ္ဍများ တွင်လည်း ပါဝင်နိုင်စေရန် ကြိုးပမ်းသင့်ကြောင်း သုံးသပ်မိပါသည်။

အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ် အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှု နည်းပါးခြင်း၊ အမျိုးသမီးများ အနေဖြင့် အခြားဝင်ငွေ ရရှိနိုင်ရန်အတွက် အိမ်တွင်းမှု အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း။ ကျေးရွာတွင် အမျိုးသမီး များသီးသန့် အသိအညာပေး ဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသော အလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူ ပေးခြင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကျေးရွာ ဖွံ့ဖြိုး တိုးတက်လာနိုင်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င)အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု




အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ


**အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင် ကြောင်းတွေ့ရှိရသည်။အပ်ချုပ်စက်ကိုသာအမျိုးသမီးများအသုံးပြုကြသည်ကိုသာတွေ့ရှိရသည်။လယ်ထွန်စက်၊ ထွန်၊ထယ်၊လှည်း ၊နွားများကိုသာအမျိုးသားများ သီးသန့်အသုံးပြုကြသည်။ဝါးခြံ၊လယ်၊ဝက်၊ ကိုင်း စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။ အမျိုးသားနှင့် အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ် များမှာ အလွန်ပင်များပြားသည်။အရင်းအမြစ်များထိန်းချုပ်ခြင်း ၊ ဆုံးဖြတ်ချက်များချရာတွင်အများအားဖြင့်အမျိုးသာများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက်ချခြင်းများကို ပြုလုပ်နေကြသည်။

အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(စ) အဖွဲ့အစည်းချိတ်ဆက်ပြပုံ**




အဖွဲ့အစည်းချိတ်ဆက်ပြပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့၊ အမျိုးသား၊ အမျိုးသမီးလူငယ်အဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးရေးကို အဓိကဦးဆောင် လျက်ရှိသည်။

ဂေါပကအဖွဲ့၊ပရိတ်သင်းအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့၊ကျေးရွာမီးသတ်၊တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး ကိစ္စများကို လုပ်ဆောင်ရွက်လျက်ရှိသည်။


ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့သည် အုပ်စု၊မြို့နယ်အုပ်ချုပ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိသည်။

လူထုဗဟိုပြုစီမံကိန်း ကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်လည်း ကောင်း၊ ကျေးရွာမီးသတ် အဖွဲ့သည် မြို့နယ်မီးသတ်နှင့်လည်းကောင်း အချင်းချင်း ချိတ်ဆက် ဆောင်ရွက်ကြသည်ကို တွေ့ရသည်။

အဖွဲ့အစည်းများအားလုံးသည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အချင်းချင်း ချိတ်ဆက်ဆောင်ရွက် နေကြသည်ဟု သုံးသပ်မိပါ သည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**(ဆ)ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ**




အခက်အခဲပြဿနာများ

**အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)**

အမျိုးသားများ၊ အမျိုးသမီးအုပ်စုများမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကဖြစ်သော အခက်အခဲပြဿနာများကို တင်ပြရာ နှစ်စဉ် ရေကြီးရေလျှံခြင်းကြောင့် စိုက်ပျိုးမြေများ ရေနစ်မြုပ်ခြင်း ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ပညာရေးအတွက် အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းမရှိခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးအတွက် ငွေကြေးအရင်းအနှီးမရှိခြင်း၊ လယ်ယာသုံးစက်ကရိယာမလုံလောက်ခြင်း၊ နေ့စဉ်ပုံမှန်ဝင်ငွေရရှိသော အလုပ်အကိုင်မရှိခြင်း၊ ရွာချင်းဆက်လမ်းများ မကောင်းခြင်းတို့ဖြစ်သည်ကို တွေ့ရသည်။


အမျိုးသားအုပ်စုများ၏ အခက်အခဲများမှာ ငွေကြေးခက်ခဲခြင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ နည်းပညာ မရရှိခြင်း၊ စိုက်ပျိုးမြေများ ပြန်လည်ထူထောင်ရာတွင် အခက်အခဲရှိခြင်းတို့မှာ အဓိက အခက်အခဲများ အဖြစ် ဖော်ထုတ်ခဲ့ကြသည်။

အမျိုးသမီးများမှ တင်ပြသော အခက်အခဲပြဿနာများမှာ အစည်းအဝေးပြုလုပ်ရာတွင် နေရာအခက်အခဲရှိခြင်း၊ ကလေးများ စာပေဗဟုသုတနည်းပါးခြင်း၊ ခြောက်သွေ့ရာသီတွင် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းများဖြစ်သည်ကို တင်ပြ ဆွေးနွေးထားသည်။

ဖော်ပြပါသော အခက်အခဲပြဿနာများမှ ကျေးရွာဖွံ့ဖြိုးရေးကို အဓိက ဟန့်တားနှောင့်ယှက်နေသော အခက်အခဲပြဿနာများ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဇ)ကျေးရွာ၏ မျှော်မှန်းချက်များ



မျှော်မှန်းချက်များ ပြပုံ

**ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**


အမျိုးသားအုပ်စုများမှ တင်ပြသော မျှော်မှန်းချက်များမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ၊ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိရန်၊ မီးဘေးအန္တရာယ် ကင်းရှင်းစေရန်၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် အပြည့်အဝကာကွယ်မှု ရရှိရန်၊ မျိုးဆက်သစ်များ ပညာရေး တိုးတက်စေရန်တို့ကို မျှော်မှန်းကြပါသည်။

အမျိုးသမီးအုပ်စုများ၏ တူညီသော မျှော်မှန်းချက်များမှာ အစည်းအဝေးခန်းမရရှိရန် ၊ စာကြည့်တိုက် ရရှိရန် ၊ပညာရေးအထောက်အပံ့များရရှိရန်၊ ရေကျော်ရာတွင် ရွာအဝင်လမ်း ကွန်ကရစ်လမ်းခင်းရန်၊ရေဘေးရှောင်ခန်းမ ရရှိရန်၊ မီးသတ်ရေကန် ရရှိရန်၊ စိုက်ပျိုးရေးပြန်လည်ထူထောင်ရန်အတွက် ပံ့ပိုးမှု အပြည့်အဝ ရရှိရန်၊ လျှပ်စစ်မီးအတွက် ထရန်စဖော်မာ ရရှိရန်တို့ကို မျှော်မှန်းကြပါသည်။

အထက်ပါမျှော်မှန်းချက်များမှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော မျှော်မှန်းချက်များ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ


**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)**

အမျိုးသား ၊အမျိုးသမီးတို့၏တူညီသော ဦးစားပေးလုပ်ငန်းများမှာ (၁)အစည်းအဝေးခန်းမ ဆောက်လုပ်ခြင်း၊ (၂) လမ်းမီးတိုင်၊မီးကြိုးများ လဲလှယ်ခြင်း၊(၃) ရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်း၊(၄) မီးသတ်ရေကန်၊ လက်စွဲစက်၊ ရေတွင်း၊(၅) စာကြည့်တိုက် (၆) ဆေးပေးခန်းတို့ဖြစ်ကြပါသည်။

နောင်လာမည့် (၃)နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး လုပ်ငန်းများ ဖော်ထုတ်ရာတွင် အမျိုးသမီးများမှ ထရန်စဖော်မာ ရရှိရန်၊ကျေးရွာဘုံပစ္စည်း များအထောက်အပံ့များလိုအပ်သည်ဟု ဖော်ထုတ်ခဲ့ကြပါသည်။ အမျိုးသား၊အမျိုးသမီး တို့၏တူညီသော လိုအပ်ချက်မှာ စက်လှေဖြစ်သည်ကို လည်း တွေ့ရပါသည်။

အထက်ဖော်ပြပါ ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းများသည် မကျည်းပင်ကွင်းဒေါင့် ကျေးရွာ၏ အမှန်တကယ် လိုအပ်သော လုပ်ငန်းများ ဖြစ်သည်ဟု သုံးသပ်မိပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း**



ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

မကျည်းပင်ကွင်းဒေါင့်ကျေးရွာ ၂၆.၉.၂၀၁၇

| လုပ်ငန်း | အဆိုပြုသူ | အဆင့် |
|---|---|---|
| အစည်းအဝေးခန်းမ | ကျား+မ | (၁) |
| လမ်းမီးတိုင်/မီးကြိုး | ကျား+မ | (၂) |
| ကွန်ကရစ်လမ်း | ကျား+မ | (၃) |
| မီးသတ်ရေကန်၊ လက်ဆွဲစက်၊ ရေတွင်း | ကျား+မ | (၄) |
| စာကြည့်တိုက် | ကျား+မ | (၅) |
| ဆေးပေးခန်း | ကျား+မ | (၆) |

ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း

## ၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



# ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု ။ ကလိုင်းကွင်း  ကျေးရွာ ။ မကျည်းပင်ကွင်းဆိပ်

စတင်ဖွဲ့စည်းသည့်ရက်စွဲ ။ ၂၆ ・ ၉ ・ ၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးဌေးမြင့် | | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်မြင့်နိုင် | | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးနိုင်ဦး | | |
| ၄ | | အဖွဲ့ဝင် | ဦးခင်မောင်အေး | | |
| ၅ | | အဖွဲ့ဝင် | ဒေါ်နိုင်နိုင်မော် | | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်နွယ်နီမိုးသန်း | | |
| ၇ | | အဖွဲ့ဝင် | ဒေါ်စန်းဝေ | | |
| ၈ | | အဖွဲ့ဝင် | ဦးသန်းဌေး | | |
| ၉ | လည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ခင်စန်းရင် | ၀၉-77458882 | |
| ၁၀ | | အဖွဲ့ဝင် | ဦးဖေသန်း | | |
| ၁၁ | | အဖွဲ့ဝင် | ဦးနိုးနိုင် | 09-254920031 | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးအိန်ဌေး | 09.261052655 | |
| ၁၃ | အငြင်းပွားမှုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးအောင်ကို | | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ရင်ရင်မော် | | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးတင်လှ | | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ခင်မာဝေ | 09-771870498 | |

<u>တာဝန်ကျဝန်ထမ်းများ</u>

- လူထုစည်းရုံးရေးမှူး - ဒေါ်ကြည်ဘလင်း၊ ဒေါ်ခင်ဖြတ်မွန်
- လက်ထောက်နည်းပညာမှူး - ဒေါ်ခင်နှင်းဆွေ

## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးစိတ်ဆောက်ခံရန် သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းစုဆောင်း ကောက်ယူရမည်။ ဤအချက်အလက်များကို စီမံကိန်းစိတ်ဆောက်အစည်းအဝေးမတိုင်မီ ကောက်ခံရမည်။ စီမံကိန်းစိတ်ဆောက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်စနစ်သို့ Tablet မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး [illegible]မြင့် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
|---|---|---|
| ပြည်နယ်/တိုင်းဒေသကြီး ဧရာဝတီ မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု တအိုင်ကုန်း | ကျေးရွာ [illegible] |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၅ | ဘာသာ (၁) ဗုဒ္ဓ | ၂၉ |
| လူမျိုးစု (၂) | | ဘာသာ (၂) | |
| လူမျိုးစု (၃) | | ဘာသာ (၃) | |
| လူမျိုးစုရော | | ဘာသာရော | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | မ - ၃ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား ၄ ၊ မ - ၈ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၃၄ | ၅၁ |
| လူမျိုးစု (၂) | | |
| လူမျိုးစု (၃) | | |
| အိမ်ထောင်ဦးစီး | ၂၂ | ၃ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| | | | | | | လက်သမား | ☑ | ☐ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | | |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| | | | | | | ရေပိုက်သွယ်သူ | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | | | |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ
(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ
(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? ၂ မိုင် မိုင်--------/မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂၀ မိနစ် ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------
မိုးရာသီတွင်ကြာချိန်-----၃၀ မိနစ်----- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။
☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -----------ရေကြီးရေလျှံခြင်း

## လူထုဝဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဗဟိုပြုစီမံကိန်းမတိုင်ခင်ဓိ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------
(၂) ------------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးရွှေမြင့်
လက်မှတ် — နေ့စွဲ 21.9.2017

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ဂျင်မြတ်မွန်.
လက်မှတ် — နေ့စွဲ 21-9-17,

# ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကြည်ရှားလင်း ၊ ဒေါ်ခင်နှင်းအေး | | | |
| နေ့စွဲ ၂၆.၉.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု တလိုင်းကွင်း | ကျေးရွာ မကျည်းပင်ကွင်းဒေါင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၉.၁၇ | ၂၆.၉.၁၇ | ၁၃ | ၁၁ | ၂၄ | - |
| ၂။ ကျေးရွာပွဲ ပြီးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၆.၉.၁၇ | ၂၆.၉.၁၇. | ၁၃ | ၁၁ | ၂၄. | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၉.၁၀.၁၇<br>၃.၁.၁၈ | ၁၉.၁၀.၁၇<br>၃.၁.၁၈ | ၁၀<br>၅ | ၉.<br>၅ | ၁၉<br>၁၀ | -<br>- |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၉.၁၂.၁၇ | ၉.၁၂.၁၇. | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကြည်ရှင်၊ ဒေါ်ခင်နှင်းအေး | | | |
| နေ့စွဲ ၂၆ . ၉ . ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ငွေကြေး အခက်အခဲ ရှိခြင်း | ၁ | အစည်းအဝေးပြုလုပ်ရန် နေရာအခက်အခဲ ရှိခြင်း |
| ၂ | လမ်းပန်း ဆက်သွယ်ရေး မကောင်းခြင်း | ၂ | ရေကြီး ရေလျှံခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိခြင်း |
| ၃ | စိုက်ပျိုးရေးနှင့် ပတ်သက်၍ နည်းပညာ အခက်အခဲရှိခြင်း | ၃ | ကလေးများ၊ လူငယ်များ ပညာ ဗဟုသုတ နည်းပါးခြင်း |
| ၄ | သဘာဝဘေးကျရောက်မှုကြောင့် [illegible] အခက်ခဲခြင်း (ရေလျှံခြင်း) | ၄ | ခြောက်သွေ့ရာသီတွင် မီးဘေးကင်းရန် အခက်အခဲရှိခြင်း |
| ၅ | နှစ်စဉ်ရေလျှံခြင်းကြောင့် စိုက်ပျိုးရေး ပြန်လည်ပြုပြင်ရာတွင် အခက်အခဲရှိခြင်း | ၅ | စိုက်ပျိုးရေးအတွက် ပြန်လည်ထူထောင်ရာတွင် အခက်အခဲရှိခြင်း |
| ၆ | | ၆ | |
| ၇ | | ၇ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် | ၁ | အစည်းအဝေးခန်းမ ရရှိရန် |
| ၂ | ကျေးရွာအတွင်း [illegible] စည်ပင် ပြန့်ပွားရန် | ၂ | စာကြည့်တိုက် ရရှိရန် |
| ၃ | ကျန်းမာရေး ဆောင်ရွက်မှု အပြည့်အဝ ရရှိရန် | ၃ | ပညာရေးအတွက် ထောက်ပံ့မှုများ ရရှိရန် |
| ၄ | မီးဘေး အန္တရာယ်ကာကွယ်ရန်နှင့် ကင်းဝေးရန် | ၄ | ရေကြီးရာတွင် သွားလာရေး ကွန်ကရစ် လမ်းခင်းရန် |
| ၅ | သဘာဝဘေး အန္တရာယ်ကျရောက်ချိန်တွင် အပြည့်အဝ ကာကွယ်နိုင်ရန် | ၅ | [illegible] ခန်းမ ရရှိရန် |
| ၆ | မျိုးဆက်သစ်များ ပညာရေး ပို၍ တိုးတက်စေရန် မျှော်မှန်းပါသည် | ၆ | မီးသတ်ရေကန် ရရှိရန် |
| ၇ | | ၇ | စိုက်ပျိုးရေး ပြန်လည်ထူထောင်ရန်အတွက် ပံ့ပိုးမှု အပြည့်အဝ ရရှိရန် |

၈ . လျှပ်စစ်မီးအတွက် ထရန်စဖော်မာ ရရှိရန် ။

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးခန်းမ | အမျိုးသား+ အမျိုးသမီး | ၆၈ သိန်း | ၈၅ |
| ၂ | လမ်းမီးတိုင်၊ မီးကြိုး (၂၅တိုင်) | အမျိုးသား+အမျိုးသမီး | ၅၅ သိန်း | ၈၅ |
| ၃ | ကွန်ကရစ်လမ်း | အမျိုးသား+အမျိုးသမီး | ၁၀၀ သိန်း | ၈၅ |
| ၄ | မီးသတ်ရေကန်၊ လက်ဆွဲရေတွင်း | အမျိုးသား+အမျိုးသမီး | ၄၀ သိန်း | ၈၅ |
| ၅ | စာကြည့်တိုက် | အမျိုးသား+အမျိုးသမီး | ၅၀ သိန်း | ၈၅ |
| ၆ | ဆေးပေးခန်း | အမျိုးသား+အမျိုးသမီး | ၇၀ သိန်း | ၈၅ |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | တရုန်စဖော်မှာ | အမျိုးသမီး | လျှပ်စစ် |
| ၂ | စက်ချေ | အမျိုးသား+အမျိုးသမီး | |
| ၃ | ကျေးရွာကုံပဒ္ဒသည်ထောက်ပံ့မှု | အမျိုးသမီး | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးခွေးမြင့် လက်မှတ် ........ နေ့စွဲ ၂၆-၉-၂၀၂၇

အမည် ဒေါ်မြမြမြင့်နိုင် လက်မှတ်

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အရန်မိတ္တူထား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုစုံညှိနှိုင်းတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ပံ့ပိုးသူအမည် ဒေါ်ခင်နှင်းဝေ ၊ ဒေါ်ကြည်ကလင်း |

| | | | |
|---|---|---|---|
| နေ့စွဲ ၃ . ၁ . ၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ✓စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရခိုင် | မြို့နယ် ကျွတ်ပေါက် | ကျေးရွာအုပ်စု တလိုင်းကျွန်း | |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ရန်ပုံငွေ တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ရန်ပုံငွေကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဇရပ်ကုန်း | တံတား | ၂၃'×၁၁'× ၈'.၆" | ၂၀၅ | ☐ ကျား<br>☐ မ<br>☑ ကျား + မ | ၇၂.၅ သိန်း | | - | | ၇၂.၅ သိန်း |
| မကျည်းပင်ကွင်းမြောင် | အာက်ရုံးသုံးခန်းမ | ၃၀'×၂၀'× ၁၀' | ၈၅ | ☐ ကျား<br>☐ မ<br>☑ ကျား + မ | ၇၀ သိန်း | | - | | ၇၀ သိန်း |
| ဒေါင်းတံခူ | အာက်ရုံးသုံးခန်းမ | ၃၀'×၂၀'× ၁၀' | ၈၆ | ☐ ကျား<br>☐ မ<br>☑ ကျား + မ | ၇၈.၅ သိန်း | | - | | ၇၈.၅ သိန်း |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား + မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား + မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ — အမည် ဦးကြည်မိုး — လက်မှတ် — ရက်စွဲ ၈ - ၁ - ၂၀၁၈

ဒေါ်မြင့်နိုင် — လက်မှတ် — ၈ - ၁ - ၂၀၁၈

အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ တလိုင်းကွင်းအုပ်စု ၊ မကျည်းပင်ကွင်းဒေါင့်ကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

မကျည်းပင်ကွင်းဒေါင့်ကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၆.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ်နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည် အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

*********************************************

[illegible]

[illegible]

| | စဉ် | လုပ်ငန်း | ကျား / မ | ခု/နှစ် | လုပ်ဆောင်ပေးသူ | [illegible] |
|---|---|---|---|---|---|---|
| [illegible] | ၁ | [illegible] | ကျား / မ | ၂၀၁၈ | CDD | |
| | ၂. | မီးသတ်ရေကန် ၊ လက်ဆွဲကော် | ကျား / မ | ၂၀၁၉ | CDD. | |
| | | ကော်ရေတွင်း | | | | |
| | ၃. | စာကြည့်တိုက် | ကျား / မ | ၂၀၂၀ | ဗဒ | |
| | | | | | | |
| [illegible] | ၄ | ချေးငွေလုပ်ငန်း | မ | ၂၀၂၀ | ကျေးလက်ဖွံ့ဖြိုး ဌာန. | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| [illegible] | ၅. | ဆေးပေးခန်း | ကျား / မ | ၂၀၂၀ | ကျန်းမာရေး ဌာန. | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| [illegible] | ၊ | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| [illegible] | ၆ | ကွန်ကရစ်လမ်း | ကျား / မ | ၂၀၂၀ | ကျေးလက်ဌာန. | |
| | ၇. | လမ်းမီးတိုင် ၊ မီးကြိုး | ကျား / မ | ၂၀၂၀ | CDD. | |
| | ၈. | Transformer ၄ | မ | ၂၀၂၁ | EPC | |
| | ၉. | ဆက်ကြေ | ကျား / မ | ၂၀၂၂ | [illegible] | |
| | ၁၀ | ကျေးရွာကို ပန္နည်းထောက်ပံ့မှု | မ | ၂၀၂၃ | 〃 | |